# မြန်မာ - အာဏာသိမ်းမှုအလွန် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများနှင့် ပတ်သက်၍ သက်သေအထောက်အထားနှင့် တွေ့ရှိချက်အသစ်များ

*၁၉၃ မျက်နှာပါ ရက်စက်ယုတ်မာမှုများနှင့် ပတ်သက်သောအစီအရင်ခံစာသည် ကျူးလွန်သူ ၆၁ ဦးကို ခွဲထုတ်ဖော်ပြပြီး စစ်တပ်တည်နေရာ ၁၀၄၀ ခုကိုလည်း ဖော်ထုတ်ထားပါသည်။*

(၂၀၂၂ မတ်လ ၂၄၊ ရန်ကုန်နှင့် New Haven)၊ ၂၀၂၁ ဖေဖော်ဝါရီ အာဏာသိမ်းမှုအပြီး ၆ လအတွင်း မြန်မာ့အာဏာသိမ်းအုပ်စုသည် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုမြောက်သော အရပ်သားပြည်သူများကို သတ်ဖြတ်ခြင်း၊ ထောင်ချခြင်း၊ နှိပ်စက်ခြင်း၊ အပျောက်ဖျောက်ခြင်း၊ အဓမ္မနေရပ်စွန့်စေခြင်းနှင့် ကွပ်မျက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း Fortify Rights နှင့် Yale Law School မှ Fortify Rights and the Schell Center for International Human Rights ("Schell Center") တို့က ယနေ့ထုတ်အစီအရင်ခံစာတွင်ပြောကြားခဲ့သည်။ အစီအရင်ခံစာသည် အောက်ပါအကြောင်းခြင်းရာတို့ အပါအဝင် စစ်တပ်၏ ရက်စက်ယုတ်မာမှုများကို ပစ်မှတ်ထားကာ တာဝန်ခံစေမှုနှင့် နိုင်ငံတကာ တရားရေးဆိုင်ရာ ကြိုးပမ်းမှုများအတွက် အားဖြည့်အကြံပြုမှုအသစ်များပြုလုပ်ထားပါသည် -

- နိုင်ငံတကာရာဇဝတ်မှုများအတွက် စစ်ဆေးကာ စွဲချက်တင်သင့်သည့် အကြီးတန်းစစ်နှင့် ရဲအရာရှိ ၆၁ ဦးကို ဖော်ထုတ်တင်ပြခြင်း
- နိုင်ငံအနှံ့ စစ်တပ်စခန်း တည်နေရာ ၁၀၄၀ ခုကို ဖော်ထုတ်တင်ပြခြင်း
- နိုင်ငံအနှံ့ငြိမ်းချမ်းစွာဆန္ဒပြသူများအပေါ် ဖြိုခွင်းစဉ် စစ်တပ်၏ အဆင့်ဆင့်အမိန့်ပေးညွှန်ကြားမှုနှင့် ပတ်သက်၍ သတင်းအချက်အလက်အသစ်များကို ဖော်ထုတ်ခြင်း
- အာဏာသိမ်းပြီး ပထမ ၆ လ အတွင်း မြန်မာအာဏာသိမ်းအုပ်စု၏ မြန်မာပြည်သူများအပေါ် နေရာအနှံ့ စနစ်တကျတိုက်ခိုက်မှုများနှင့် ပတ်သက်၍ ဥပဒေကြောင်းအရ အနှံ့စပ်ဆုံးဖြစ်အောင် ခွဲခြမ်းစိတ်ဖြာလေ့လာချက်ကို တင်ပြထားခြင်း

"တပ်မတော်နေ့ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု နှစ်ပတ်လည်မတိုင်ခင် ရက်အနည်းငယ်အလို ထုတ်ပြန်လိုက်တဲ့ ဒီအစီအရင်ခံစာဟာ နိုင်ငံတကာအသိုင်းအဝိုင်းကို စစ်တပ်ရဲ့ ရာဇဝတ်မှု၊ တစ်ဦးချင်းတာဝန်ရှိမှုနှင့် တိုက်ခိုက်မှုနဲ့ ဆက်နွယ်တဲ့ သူတို့ တပ်ရင်းတည်နေရာတွေနဲ့ ပတ်သက်လို့ ပိုမိုနားလည်သဘောပေါက်စေမှာပါ"ဟု မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် တစ်ဦးလည်းဖြစ်၊ Yale Law School's Schell Center မှ Robina Senior Fellow တစ်ဦးလည်းဖြစ်ကာ ဤအစီအရင်ခံစာ၏ နိဒါန်း(စကားချီး) ကို ရေးသားသူ Tom Andrews မှ ဆိုသည်။ "အရမ်းအရေးပါတဲ့ ဒီအစီအရင်ခံစာဟာ

တာဝန်ယူမှု၊ တာဝန်ခံမှု အသေအချာရှိလာအောင် ဆောင်ရွက်နေတဲ့ကြိုးပမ်းမှုတွေကို ကူညီလမ်းပြပေးနိုင်မှာပါ” ဟု ၎င်းကဆိုသည်။

၁၉၃ စာမျက်နှာပါ အစီအရင်ခံစာ ***“လုံခြုံရာအရပ် ကင်းမဲ့နေခြင်း” - အာဏာသိမ်းမှုအပြီး မြန်မာ့စစ်အာဏာသိမ်းအုပ်စု၏ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ*** သည် ထွက်ဆိုချက်ပေါင်း ၁၂၀ ကျော်၊ ပေါက်ကြားစာရွက်စာတမ်းနှင့် အချက်အလက်များနှင့် သက်သေအထောက်အထားအသစ်များအပေါ် ဥပဒေကြောင်းအရ စေ့စေ့စုံစုံ စိတ်ဖြာလေ့လာချက်များကို အခြေခံထားပါသည်။ ၎င်းသည် ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းမှုအပြီး ပထမ ခြောက်လတာကို အဓိကထား တင်ပြပါသည်။

မြန်မာစစ်တပ်သားနှင့် ရဲတပ်ဖွဲ့ဝင်များသည် တခြားရက်စက်ယုတ်မာမှုများအပါအဝင် နိုင်ငံအနှံ့ မြို့ငယ်၊ မြို့ကြီးများရှိ လက်နက်မဲ့အရပ်သားပြည်သူများကို လအတော်ကြာ နေ့ခင်းကြောင်တောင် ပစ်သတ်ခဲ့ကြပါသည်။ ဤအစီအရင်ခံစာက အာဏာသိမ်းအုပ်စုသည် အရပ်သားပြည်သူအပေါ် ကြိုတင်အကွက်ချကာ နေရာအနှံ့စနစ်တကျတိုက်ခိုက်ခဲ့ကြောင်း သက်သေပြထားပါသည်။

လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက်တာဝန်ရှိသည်ဟု အစီအရင်ခံစာမှ တင်ပြထားသည့် အကြီးတန်းစစ်နှင့်ရဲအရာရှိ ၆၁ ဦး ထဲတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တွဲဖက်စစ်ဦးစီးအရာရှိချုပ် ဗိုလ်ချုပ်ကြီးမြထွန်းဦးတို့ပါဝင်ပါသည်။ အဆိုပါပုဂ္ဂိုလ်များသည် Fortify Rights မှ အခိုင်အမာပြောဆိုသော ၂၀၁၉ ရခိုင်ပြည်မှ စစ်ရာဇဝတ်မှုနှင့် ရှမ်းနှင့် ကချင်ပြည်နယ်များမှ ဖြစ်နိုင်ခြေ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုတို့ အပါအဝင် ၂၀၁၆ နှင့် ၂၀၁၇ တွင် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက်လည်း တာဝန်ရှိကြသူများဖြစ်ကြသည်။

အစီအရင်ခံစာမှ ဖော်ထုတ်သည့် တခြားသံသယရှိစစ်သားနှင့် ရဲတပ်ဖွဲ့ဝင်များမှာ ရဲတပ်ဖွဲ့မှ တိုင်းမှူး ၁၉ ဦး၊ စစ်တပ်မှ တိုင်းမှူး ၁၃ ဦးနှင့် အာဏာသိမ်းအုပ်စုမှ အကြီးတန်းအရာရှိ ၂၇ ဦးတို့ဖြစ်ကြသည်။

ဤအစီအရင်ခံစာသည် အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နေပြည်တော် “အထူးတပ်” ဖွဲ့စည်းခြင်းအပါအဝင် ဖြိုခွင်းမှုဖြစ်စဉ်အတွင်း အာဏာသိမ်းအုပ်စု၏ အဆင့်ဆင့် အမိန့်ပေးညွှန်ကြားမှုများနှင့် ပတ်သက်သော ယခင်က မသိရှိခဲ့ရသည့် အချက်အလက်များကိုလည်း တင်ပြထားပါသည်။ စစ်မှုထမ်း(ဆဲ)ပုဂ္ဂိုလ်များ၏ ပြောပြချက်အရ အထူးတပ်သည် စစ်သားများယခင်က မလှုပ်ရှားခဲ့သည့် အရပ်သားပြည်သူများနေထိုင်ရာ မြို့ငယ်၊ မြို့ကြီးများတွင် တပ်ဖြန့်၊ အမိန့်ပေးရန် ဥသုံအာဏာကိုပိုင်ဆိုင်သည်။ အထူးတပ်၏ အမိန့်မရဘဲ အမိန့်ပေးကွင်းဆက်အစဉ်ထဲမှ အခြားမည်သူမျှ မြန်မာနိုင်ငံအလယ်ပိုင်းရှိ အရပ်သားများနေထိုင်ရာမြို့ပြများနှင့် မြို့နယ်များအတွင်းသို့ စစ်တပ်ကို ရွှေ့လျားခွင့်မရှိပါ။

ဤအစီအရင်ခံစာသည် နိုင်ငံအနှံ့ငြိမ်းချမ်းစွာ ဆန္ဒပြသူများကိုဖြိုခွင်းစဉ် အထူးတပ်ကို ဦးစီးခဲ့သည့် ဗိုလ်ချုပ်ကြီး ၄ ဦးကိုလည်း ဖော်ပြထားပါသည်။

စစ်တပ်၏လုပ်ရပ်ကို ပြစ်တင်ဝေဖန်သည့် စစ်ထမ်း(ဆဲ)ပုဂ္ဂိုလ်များ၏ အတွေ့အကြုံပြောပြချက်များအရ ***"လုံခြုံရာအရပ်ကင်းမဲ့နေခြင်း"*** သည် နိုင်ငံအနှံ့ စစ်စခန်းပေါင်း ၁၀၄၀ ၏ တည်နေရာကို ဖော်ထုတ်ထားပါသည်။ အစီအရင်ခံစာ၏ ပူးတွဲစာမျက်နှာများတွင် တင်ပြထားသော အဆိုပါတည်နေရာများသည် တရားစွဲချက်တင်သူများနှင့် မူဝါဒရေးဆွဲသူများအား နိုင်ငံအနှံ့ရှိ ရာဇဝတ်မှုဖြစ်ပွားရာနေရာများနှင့် ကျူးလွန်သူများကို အပြန်အလှန် ပထဝီကြောင်းအရ ခြေရာခံနိုင်အောင် ကူညီနိုင်ပါသည်။

အစီအရင်ခံစာသည် နေပြည်တော်နယ်နမိတ်အပါအဝင် နိုင်ငံ၏ပြည်နယ်နှင့်တိုင်း ၁၄ ခုအနက် ၁၃ ခုမှ မြို့နယ်ပေါင်း ၃၀ ရှိ အသက်ဘေးမှလွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများ၊ ဆန္ဒပြသူများ၊ ဆေးဝါးပညာရှင်များ၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် စစ်ဝန်ထမ်းဟောင်း၊ ရဲဝန်ထမ်းဟောင်းနှင့် ရေတပ် တပ်ဖွဲ့ဝင်ဟောင်းတို့ ပါဝင်ပါသည်။

ဤအစီအရင်ခံစာကို ပြင်ဆင်ရာတွင် Fortify Rights နှင့် the Schell Center တို့သည် တပ်ရင်းတစ်ခုကို ကွပ်ကဲရသည့် ဒုတိယဗိုလ်မှူးကြီး ၁ ဦး၊ ဗိုလ်ကြီး ၃ ဦးနှင့် ဗိုလ်မှူး ၂ ဦးအပါအဝင် စစ်မှုထမ်း(ဆဲ)ပုဂ္ဂိုလ် ၆ ဦးနှင့်လည်း ဆက်သွယ်စကားပြောဆိုခဲ့ပါသည်။

Fortify Rights နှင့် the Schell Center တို့သည် ရာဇဝတ်မှုများကျူးလွန်ရန် တပ်ဖွဲ့များအား ညွှန်ကြားထားသော ရုံးတွင်းမှတ်တမ်း အပါအဝင် အာဏာသိမ်းအုပ်စု၏ ပေါက်ကြားလာသည့် မှတ်တမ်းများကိုလည်း ရယူခဲ့သည်။ ဤအစီအရင်ခံစာပတ်သက်၍ သုတေသနပြုလုပ်စဉ် ရရှိခဲ့သော စစ်သားများအတွက် စစ်ရေးဆိုင်ရာ လမ်းညွှန်စာအုပ်တွင် စစ်ဥပဒေ သို့မဟုတ် လူ့အခွင့်အရေးနှင့် ပတ်သက်၍ တစ်စွန်းတစ်စမျှ ဖော်ပြထားခြင်းမရှိသည့် အပြင် အခန်းကဏ္ဍတစ်နေရာတွင် "ကျည်တစ်ထောင့်သည် ရန်သူတစ်ယောက်သေဆုံးခြင်းနှင့် ညီမျှအောင် သေချာစေရန်" လမ်းညွှန်ထားပါသည်။

သက်သေခံထွက်ဆိုချက်များကို မှတ်တမ်းတင်ခြင်းအပြင် Fortify Rights သည် မြန်မာပြည်သူများ (လိုင်းပေါ်) တင်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အဖြစ်အပျက်များနှင့် ပတ်သက်သော လူတိုင်းရယူနိုင်သည့် အချက်အလက် Open Source Information ဒေတာအချက်ပေါင်း ၁၁၅၃ ခုကို စုဆောင်းခဲ့ပါသည်။

အစီအရင်ခံစာမှ ခွဲထုတ်ဖော်ပြသည့် စစ်နှင့် ရဲအရာရှိ ၆၁ ဦးအနက် ၂၀ ဦးခန့်ကိုသာ အနည်းဆုံး အစိုးတစ်ရပ်မှ ပိတ်ဆို့အရေးယူထားခြင်းဖြစ်ကြောင်း Fortify Rights နှင့် the Schell Center မှဆိုသည်။

"ဒီရာဇဝတ်မှုတွေအတွက် တာဝန်ရှိသူတိုင်း အကုန်းလုံးကို ပိတ်ဆို့ပြီး အရေးယူသင့်တယ်"ဟု Fortify Rights ၏ Chief Executive Officer နှင့် ဤအစီအရင်ခံစာကို ပူးတွဲရေးသားသူ Matthew Smith က ဆိုသည်။ "အစိုးရတွေအနေနဲ့ စစ်တပ်ရဲ့ တိုက်ခိုက်မှုကို အဆုံးသတ်ရာမှာ မြန်မာပြည်သူတွေကို အားပေးထောက်ခံဖို့

သူတို့ရဲ့ နိုင်ငံခြားရေးမူတွေကို ပြုပြင်ပြီး စီစစ်သင့်တယ်။ အစိုးရတွေဟာ အမျိုးသားညီညွတ်ရေးအစိုးရကို အသိအမှတ်ပြုပြီး စစ်တပ်ကို လက်နက်လွှဲပြောင်းပို့ပေးတာတွေကိုလည်း ရပ်တန့်ရမှာဖြစ်သလို ဒီ ရာဇဝတ်မှုတွေနဲ့ ပတ်သက်ပြီး နိုင်ငံတကာတရားစီရင်ရေးကို သေချာဆောင်ရွက်နိုင်မည့် အခြေအနေတွေကို ဖန်တီးသင့်တယ်”ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

“သူတို့က ကျွန်မမောင်လေးကို ဒရွက်တိုက်ဆွဲခေါ်သွားပြီး ကျွန်မရဲ့ ညီမလေးကို ပစ်သတ်သွားကြတယ်” ဟု မန္တလေးရှိ သူမ၏အိမ်ကို ဝင်မွှေပြီး ဖခင်၏ ပေါင်ပေါ်ထိုင်နေသည့် ၆ နှစ်အရွယ် သူမ၏ ညီမကိုပစ်သတ်သွားသည်ကို မျက်မြင်ကြုံတွေ့ခဲ့ရသည့် ၂၅ နှစ်အရွယ်အမျိုးသမီးမှ ပြန်လည်ပြောပြခဲ့ပါသည်။ “လုံခြုံတယ်လို့ ယူဆရတဲ့နေရာမှာ ကျွန်မတို့ပုန်းနေပါတယ်။ တကယ်တော့ လုံခြုံရာအရပ်ဆိုတာ မရှိတော့ပါဘူး” ဟု သူမက ဆိုသည်။

မြန်မာစစ်တပ်၏ တိုက်ခိုက်ခြင်းကိုခံလိုက်ရသည့် ဒုက္ခသည်များကို ကုသပေးနေသော ဆေးဆရာဝန်က သေစေနိုင်သော အချိန်အဆနှင့် ရည်ရွယ်ချက်ကို ရွယ်ညွှန်းလျက် ဒုက္ခသည်များစွာတို့သည် ကျည်တစ်တောင့်တည်းဖြင့် ရင်ဘက် သို့မဟုတ် ခေါင်း စသည့်နေရာတို့ကို သေလောက်အောင် ပစ်ခတ်ခံခဲ့ရခြင်းဖြစ်ကြောင်း Fortify Rights နှင့် the Schell Center တို့ကို ဖော်ပြပြောဆိုခဲ့ပါသည်။ စစ်ပြေးများက မြန်မာ့စစ်တပ်သည် နိုင်ငံတော်၏လိုအပ်ချက် မူတစ်ရပ်သဖွယ် ဆန္ဒပြသူများကို သတ်ဖြတ်ရန်နှင့် ၎င်းတို့ကြား အကြောက်တရားကို ရိုက်သွင်းရန် စနိုက်ပါသမားများအား ဖြန့်ကျက်ချထားခဲ့ပုံကိုလည်း ရှင်းပြပြောဆိုခဲ့ပါသည်။

နောက်အပတ် မတ်လ ၂၇ ရက်နေ့သည် မြန်မာနိုင်ငံ၏ တပ်မတော်နေ့ဖြစ်ပြီး အာဏာသိမ်းစစ်တပ်မှ အရပ်သားပြည်သူများအပေါ်တိုက်ခိုက်မှု၏ ပထမ ခြောက်လတာအတွင်း သေကြေပျက်စီးမှုအများဆုံးနေ့၏ ပထမနှစ်ပတ်လည်နေ့ လည်းဖြစ်ပါသည်။ ၂၀၂၁ မတ်လ ၂၆ ရက်တွင် အာဏာသိမ်းအုပ်စုပိုင် ရုပ်မြင်သံကြားမှ “ခေါင်းနှင့် ကျောကုန်းတို့တွင် ကျည်ထိမှန်နိုင်သည့် အန္တရာယ်နှင့်ကြုံရနိုင်သောကြောင့် ယခင် ဆိုးဆိုးဝါးဝါး သေဆုံးမှုဖြစ်ရပ်ဆိုးများမှ သင်ခန်းစာယူသင့်သည်”ဟု ဆိုကာ တစ်နိုင်ငံလုံးအဆင့် ဆန္ဒပြပြည်သူများအား သတိပေး ကြေညာခဲ့သည်။ နောက်တနေ့ တပ်မတော်နေ့တွင် မြန်မာစစ်တပ်သားများနှင့် ရဲတပ်သားများသည့် နိုင်ငံတဝှမ်း ပြည်သူ အနည်းဆုံး ၁၄၀ ခန့်ကို သတ်ဖြတ်ခဲ့သည်။ မတ်လ ၂၇ ရက်နေ့က ရိုက်ကူးခဲ့သော မျက်မြင်သက်သေ ဓာတ်ပုံနှင့် ဗီဒီယိုများသည် ကလေးများအပါအဝင် သေဆုံးရပ်အလောင်းများ၊ စစ်သားများမှ လမ်းပေါ်တွင် သေနတ်ဖြင့် ပစ်ခတ်မှု၊ အသက်မဲ့ ခန္ဓာများကို ဒရွက်တိုက်ဆွဲသွားမှုနှင့် ရက်စက်စွာရိုက်နှက်မှုများကို ပြသနေပါသည်။ ဗီဒီယိုတစ်ခုတွင် မြန်မာစစ်တပ်သားများသည် ဆိုင်ကယ်ပေါ်မှ လက်နက်မဲ့ ယောကျ်ားလေးတစ်ယောက်ကို အနီးကပ်ပစ်ခတ်ခဲ့ပါသည်။

အာဏာသိမ်းအုပ်စုသည် ကလေးများ၊ သြဇာလွှမ်းမိုးနိုင်သည့် အရပ်သားခေါင်းဆောင်များ၊ ရွေးကောက်ခံ အရာရှိများ၊ ငြိမ်းချမ်းစွာဆန္ဒပြသူများ၊ သတင်းထောက်များ၊ ရှေ့နေများ၊ လူ့အခွင့်အရေး ကာကွယ်

စောင့်ရှောက်သူများနှင့် တခြားပုဂ္ဂိုလ်များအပါအဝင် ထောင်ပေါင်းများစွာသော လူများကို စနစ်တကျ အကျဉ်းချခဲ့ကြပါသည်။

Fortify Rights နှင့် the Schell Center သည် ဆန္ဒပြသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင်များနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ တစ်ချို့ကို အဓမ္မဖမ်းဆီးရန်အမိန့်ပေးခဲ့သော (စစ်တပ်မှ ထိန်းချုပ်သည့်) မြန်မာရဲတပ်ဖွဲ့မှ ပေါက်ကြားလာသော ရုံးတွင်းမှတ်တမ်း သုံးခု၏ စစ်မှန်မှုကို လွတ်လပ်စွာ အတည်ပြု ရယူနိုင်ခဲ့ပါသည်။

မှတ်တမ်းတစ်ခု၌ ဆန္ဒပြပွဲအားကောင်းသည့် နေရာများမှ ဦးဆောင်သူများကို “ရှင်းလင်းရန်နှင့် ထိန်းသိမ်းရန်” စစ်တပ်နှင့် ပူးပေါင်းဖို့ ရဲများအား အမိန့်ပေးထားပါသည်။ အခြားမှတ်တမ်း နှစ်ခုတွင်လည်း အရာရှိများအား ဆန္ဒပြခေါင်းဆောင်များကို ဖမ်းစီးရန်နှင့် ညအချိန် အလစ်ဝင်စီးရန်း ညွှန်ကြားထားသည့် ဆင်တူသော အသုံးအနှုန်းများပါဝင်ပါသည်။ အဆိုပါမှတ်တမ်းများကို အနည်းဆုံး ရဲစခန်းနှစ်ခုအတွင်း ရက်ခြား၍ ထုတ်ပြန်ခဲ့ရာ စနစ်တကျပြင်ဆင်ထားသည့် တိုက်ခိုက်မှုသဘော သဘာဝကို ပြသနေပါသည်။

မြန်မာစစ်တပ်နှင်ရဲတို့သည်လည်း အာဏာသိမ်းချိန်မှစ၍ နေရာအနှံ့ အရပ်သားပြည်သူများကို စနစ်တကျ ညှင်းပန်းနှိပ်စက်ခဲ့မှုအတွက် တာဝန်ရှိပါသည်။ အစီရင်ခံစာတွင် ညှင်းပန်းနှိပ်စက်မှုမှ လွတ်မြောက်လာသူများနှင့် မျက်မြင်သက်သေများ၏ ကနဦးထွက်ဆိုချက်များလည်း ပါဝင်ပြီး နှိပ်စက်မှုနှင့် ပတ်သက်သည့် ဗီဒီယိုအပါအဝင် ထပ်လောင်းသက်သေများကိုလည်း စိတ်ဖြာလေ့လာထားပါသည်။

အခြားမှတ်တမ်းတင်ထားသည့် ချိုးဖောက်မှုများမှာ အဓမ္မအပျောက်ဖျောက်မှု၊ ကွပ်မျက်မှုနှင့် အဓမ္မနေရပ်စွန့်စေမှုတို့ ပါဝင်ပါသည်။

အစီအရင်ခံစာ၌ ယနေ့ထိ စစ်အာဏာသိမ်းအုပ်စု၏ ဖြိုခွင်းမှုများပေါ် နိုင်ငံတကာရာဇဝတ် ဥပဒေအောက်တွင် အစေ့စုံဆုံးဖြစ်အောင်စီစစ်ထားသည့် စစ်ဆေးချက်များပါဝင်သည်။ ၎င်းက ၂၀၂၁ ဖေဖော်ဝါရီမှ ဇူလိုင်အတွင်း အာဏာသိမ်းအုပ်စု၏ ကွပ်ကဲမှုအောက် (စစ်/ရဲ)တပ်ဖွဲ့များသည် ပိုမိုကြီးမားသည့် တိုက်ခိုက်မှုကို ရည်ရွယ်ချက်ရှိရှိဖြင့် အရပ်သားပြည်သူများဆီ ဦးတည်ကာ နေရာအနှံ့ စနစ်တကျတိုက်ခိုက်ခြင်း၏ တစိတ်တဒေသအဖြစ် ပြည်သူများကို သတ်ဖြတ်မှု၊ ထောင်ချမှု၊ ညှင်းပန်းနှိပ်စက်မှု၊ အဓမ္မအပျောက်ဖျောက်မှု၊ ကွတ်မျက်မှု၊ နှင်ထုတ်မှုနှင့် အဓမ္မနေရပ်စွန့်စေမှု စသော လုပ်ရပ်များကို ကျူးလွန်ထားကြောင်း တွေ့ရှိထားပါသည်။ ထို့ကြောင့် အစီအရင်ခံက စစ်တပ်သည် နိုင်ငံတကာရာဇဝတ်တရားရုံး (ICC)မှ ဖမ်းဝရမ်းထုတ်ရန်လိုအပ်သည့် စံနှုန်းများနှင့် ကိုက်ညီသော လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်ထားကြောင်း ယုံကြည်ရသည့် ခိုင်လုံသော အကြောင်းခြင်းရာများရှိနေသည်ကို ဖော်ထုတ်တင်ပြထားပါသည်။

ဥပဒေကြောင်းအရ စိတ်ဖြာလေ့လာမှုသည် ( ICC ကိုဖြစ်ပေါ်စေခဲ့သည့် နိုင်ငံတကာစာချုပ်) ရောမစာချုပ် (Rome Statute) ပါ စံနှုန်းများနှင့် Rwanda၊ Yugoslavia၊ Cambodia နှင့် တခြားနိုင်ငံများရှိ

ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများကို စီစစ်ရန် ဖွဲ့စည်းခဲ့သည့် ရာဇဝတ်ခုံရုံးနှင့် ICC မှ လုပ်ထုံးလုပ်နည်းများအပါအဝင် နိုင်ငံတကာရာဇဝတ်ခုံရုံးဆိုင်ရာ လုပ်ထုံးများကို အခြေခံထားပါသည်။ နိုင်ငံတကာ ဥပဒေအဖွဲ့အစည်း Sidley Austin LLP မှ စေတနာဖြင့် ကူညီခဲ့သော ရှေ့နေအဖွဲ့အပါအဝင် ရှေ့နေများစွာတို့သည် the Schell Center မှ ဦးစီးခဲ့သော ဤဥပဒေဆိုင်ရာသုတေသနနှင့် စိတ်ဖြာလေ့လာမှုကို အားဖြည့်ကူညီခဲ့ကြသည်။

အစီအရင်ခံစာသည် မြန်မာ့စစ်တပ်၊ UN လုံခြုံရေးကောင်စီ၊ UN အဖွဲ့ဝင်နိုင်ငံများနှင့် တခြားအဖွဲ့အစည်းများကို အကြံပြုချက် ၂၈ ချက်ကို ပြုလုပ်ထားပါသည်။

အစိုးရများသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ပြီး၊ ဖြစ်ပေါ်ဆဲ ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများအတွက် နိုင်ငံတကာတရားစီရင်မှုကို သေချာစေပြီး UN လုံခြုံရေးကောင်စီအား မြန်မာနိုင်ငံအရေးကို နိုင်ငံတကာရာဇဝတ်တရားရုံးသို့ လွှဲပြောင်းပေးရန် ဖိအားပေးသင့်ပါသည်။ UN လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံအပေါ် ကမ္ဘာလက်နက်ကုန်သွယ်ခွင့် တားမြစ်မိန့်ကို ချမှတ်မည့် လုံခြုံရေးကောင်စီ၏ ဖြေရှင်းဆုံးဖြတ်ချက်ကို အားပေးထောက်ခံသင့်သည်။ ထို့အပြင် အစိုးရများသည် စစ်တပ်ပိုင်လုပ်ငန်းများကို ပစ်မှတ်ထားပိတ်ဆို့မှုများပြုလုပ်ပြီး အာဏာသိမ်းအုပ်စု၏ သဘာဝသယံဇာတမှ ဝင်ငွေနှင့် ငွေကြေးဝန်ဆောင်မှုများ ရရှိနေမှုကိုလည်း; ပိတ်ဆို့သင့်ပါသည်။

"မြန်မာစစ်တပ်က နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေတာပါ" ဟု Schell Center မှ Visiting Human Rights Fellow ဖြစ်ပြီး ဤအစီအရင်ခံစာကို ပူးတွဲရေးသားသူ Roger Polack က ပြောသည်။ လုံခြုံရေးကောင်စီအနေနဲ့ ဒီခြိမ်းခြောက်မှုတွေကို တုံ့ပြန်ဖို့ သူ့ရဲ့ လုပ်ပိုင်ခွင့်တာဝန်ကို ယူရမယ်၊ သူ့ရဲ့ အခန်း ၇ ပါ အခွင့်အာဏာကိုအသုံးပြုပြီးတော့ ဒီ အစီအရင်ခံစာရဲ့ အကြံပြုချက်တွေကိုကျင့်သုံးမယ့် ဆုံးဖြတ်ချက်တစ်ရပ်ကို ရှေ့ဆက်ချမှတ်ပြီးရင် ပြည်သူကိုကာကွယ်ရမယ့်ဝတ္တရား (R2P) ကို အပြည့်အဝ ဆောင်ရွက်ရမယ်။ လုံခြုံရေးကောင်စီက အရေးယူဖို့ ပျက်ကွက်ခဲ့ရင် အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ဒီလိုဆောင်ရွက်နိုင်ဖို့ အတူကြိုးစားသင့်တယ်။ ဒီလိုဖြစ်ပေါ်နေတဲ့ ရက်စက်ယုတ်မာမှုတွေကိုရပ်တန့်ဖို့နဲ့ အာဏာသိမ်းအုပ်စုက ဒီနေ့အထိ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေအတွက် သူတို့ကိုတာဝန်ခံစေခဲ့ဖို့ ပူပေါင်းဆောင်ရွက်တဲ့ ကြိုးစားမှုသာ မရှိဘူးဆိုရင် ဒီအာဏာသိမ်းအုပ်စုဟာ သူ့ရဲ့ပြိုင်ဖက်တွေကို ကွပ်မျက်တာ၊ အရပ်သားတွေကိုသတ်တာ၊ ပြီးတော့ မြန်မာနိုင်ငံရဲ့ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး သုခတွေကို ဖျက်စီးနေတဲ့လုပ်ရပ်များအား သေချာပေါက် ဆက်လုပ်နေလိမ့်မယ်။" ဟု ၎င်းက ဆိုသည်။

**ပိုမို သိရှိလိုပါက စုံစမ်းရန်**

Roger Polack, Visiting Human Rights Fellow, Schell Center, (U.S., EDT)
+1.202.257.4404, rpolack@srmyanmar.org

Matthew Smith, Chief Executive Officer, Fortify Rights
+66 85 028 0044 (Thailand; WhatsApp; Signal)
+1 202 503 8032 (U.S.)
Email: Matthew.Smith@FortifyRights.org

Zaw Win, Human Rights Specialist, Fortify Rights
+66 959 799 155 (WhatsApp; Signal)
Email: zaw.win@fortifyrights.org

John Quinley III, Senior Human Rights Specialist, Fortify Rights
+66 62 814 1130 (Thailand; WhatsApp)
Email: John.Quinley@FortifyRights.org

Ismail Wolff, Regional Director, Fortify Rights
+66 81 643 0009 (Thailand)
Email: ismail.wolff@fortifyrights.org

Vanessa Chong, Regional Director, Fortify Rights
+66856220480 (Thailand)
Email: Vanessa.Chong@fortifyrights.org

Amy Smith, Executive Director, Fortify Rights
+1 207 322 2939 (U.S.)
+66 87 795 5454 (Thailand; WhatsApp)
Email: Amy.Smith@FortifyRights.org
Twitter: @AmyAlexSmith, @FortifyRights